(၄) **မြေပဲခါးရိုရောဂါ (Damping off)**

**ရောဂါဖြစ်စေသက်ရှိ** - ***Rhizoctonia solani*** J.G. Kühn, 1858

**ရောဂါလက္ခဏာ**များ

မြေပဲပင်ပေါက်များ၏ မြေပြင်နှင့် ထိစပ်နေသော နေရာတွင် ရေစိုနာအမဲရောင် အကွက်များ ဖြစ်ပေါ်နေပြီး အပင်လဲခြင်း၊ အပင်သေဆုံးခြင်းဖြစ်ပေါ်သည်။



**မြေပဲခါးရိုရောဂါ (ကာကွယ်နှိမ်နင်းနည်းများ)**

- ရောဂါ၊ ဒါဏ်ရာကင်းသောမျိုးစေ့များကိုရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းကို ရေမဝပ်စေရန် ဆောင်ရွက်ပါ။
- ဘောင်ဆွပေးခြင်း၊ ထွန်လိုက်ခြင်းတို့ဆောင်ရွက်ပါ။
- သဘာဝမြေဩဇာ (နွားချေး) ကို ကောင်းစွာဆွေးမြေ့ပြီးမှ သုံးပါ။
- မျိုးစေ့လူးနယ်မှုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါလက္ခဏာစတင်တွေ့ရှိပါက Azoxystrobin (အဇိုဆီစထရိုဘင်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Validamycin (ဗယ်လီဒါမိုင်စင်) ဆေးများဖြင့် ပင်ခြေရင်းကိုရွှဲရွှဲဖျန်းပါ။